ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း

အကျဉ်းချုပ်

8.1.2023

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နေ့စဉ်စစ်ရေးသတင်း အကျဉ်းချုပ်

ရန်သူတပ်သားသေဆုံး	ရန်သူတပ်သားဒဏ်ရာရ
(၅) ဦး	(၁) ဦး

အာဏာသိမ်းအကြမ်းဖက်စစ်တပ်နှင့်တိုက်ပွဲဖြစ်ပွားမှု

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၇)ရက်နေ့က ဆားလင်းကြီးမြို့နယ်၊ မိုးကြိုးပြင်အလယ်ကျေးရွာအနီး ဆားလင်းကြီးမြို့ပေါ်မှ တဆင့် ကျေးရွာများကို မီးရှို့ဖျက်ဆီးခဲ့သော ရန်သူတပ်သားများကို ပြည်သူ့ကာကွယ်ရေးတပ်မတော် (ယင်းမာပင်ခရိုင်) တပ်ရင်း(၁၆)တပ်ခွဲ(၂) One Star task Force၊ ယင်းမာပင်ခရိုင်တပ်ရင်း(၁၆) UFM အထူးကွန်မန်ဒိုအဖွဲ့၊ ယင်းမာပင်ခရိုင်တပ်ရင်း(၁၄) SSTF ၊ ဆားလင်းကြီး GZ အဖွဲ့များက မမများနဲ့ ပွဲကမယ် (စစ်ကိုင်းပရောဂျက်)က ထောက်ပံ့ပေးသော လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရန်သူတပ်သား (၃)ဦး သေဆုံးခဲ့သည်။
- ဇန်နဝါရီလ(၇)ရက်နေ့က ကလေးဝမြို့နယ်၊ အုန်းပင်စုကျေးရွာရှိ နေအိမ်(၅)လုံးကို မီးရှို့ဖျက်ဆီးခဲ့သော ရန်သူတပ်သား/ပျူစောထီး (၁၀၀)ခန့်နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော်(ကလေးဝ)မြို့နယ် တပ်ရင်းများ၊ ကလေးဝမြို့နယ်ပကဖ၊ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ရာ ရန်သူတပ်သား (၁)ဦး၊ ပျူစောထီး (၁)ဦး သေဆုံးခဲ့ပြီး ဒုရဲအုပ် (၁)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ပြည်သူ့ကာကွယ်ရေးရဲမေ (၁)ဦး ကျဆုံးခဲ့သည်။

မန္တလေးတိုင်း

ဇန်နဝါရီလ(၇)ရက်နေ့နေ့လည်(၁၂)နာရီခန့်က သပိတ်ကျင်းမြို့နယ်၊ ကြာညှပ်ကျေးရွာရှိ အင်အား (၁၅)ဦးခန့်ရှိနေသော ရဲစခန်းအား TBKတောဆင်ရိုင်းပြောက်ကျားတပ်ဖွဲ့မှ Droneဖြင့် ဗုံးချတိုက်ခိုက်ခဲ့ရာ ဗုံးသီးမှာ ရဲစခန်းအတွင်းရှိ လက်နက်တိုက်အနီး ကျရောက်ပေါက်ကွဲခဲ့သော ကြောင့် ထိခိုက်ပျက်စီးမှုများရှိနိုင်ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တနင်္သာရီတိုင်း

ဇန်နဝါရီလ(၇)ရက်နေ့၊နေ့လည်(၁၂:၁၂)နာရီခန့်က ထားဝယ်မြို့နယ်၊ သက်န်းတုံးရွာတွင် ရန်သူတပ်သားများက အိမ်(၁)လုံးအား မီးရှို့ထားကြောင်းသိရပြီး သက်န်းတုံးဘုရား တောင်ပေါ်တွင်မူ လက်နက်ကြီးကျ၍ မီးလောင်နေခဲ့သည်။နေ့လည်(၁၂:၃၉)နာရီခန့်က စက်လတ်ပါသည့် ရန်သူ(၁၀) ဦးခန့် သက်န်းတုံးရွာ ဘဲ့မတတ်တော်ပေါ်သို့ တက်ရာ နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှု ဖြစ်ပွားခဲ့ပြီး ပြည်သူ့ကာကွယ်ရေးရဲဘော်(၁)ဦး ကျဆုံးကာ (၂)ဦး ဒဏ်ရာ ရရှိခဲ့သည်။

အာဏာသိမ်းအကြမ်းဖက်စစ်တပ်ကျူးလွန်သော ရာဇဝတ်မှုများ

ကချင်ပြည်နယ်

ဇန်နဝါရီလ(၈)ရက်နေ့က ဗန်းမော်မြို့နယ်၊ ဧရာဝတီမြစ်ကြောင်းဘေးတလျှောက်ရှိ ကျေးရွာအချို့မှ ပြည်သူများကို ကျေးရွာအတွင်းမှ ထွက်ခွာသွားရန် ရန်သူစစ်တပ်မှ ဖိအားပေးပြောဆိုနေကြောင်း သိရသည်။

ကရင်ပြည်နယ်

ဇန်နဝါရီလ(၇)ရက်နေ့မနက်(၁၀:၁၀)နာရီခန့်က ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ဖာပွန်ခရိုင် တပ်မဟာ (၅) နယ်မြေ၊ ဒေဘိုးနိုဒေသအတွင်းသို့ ရန်သူစစ်တပ်က တိုက်လေယာဉ်နှစ်စီးဖြင့် ဗုံးလေးလုံး ကြဲချတိုက်ခိုက်ခဲ့ရာ ရွာသားတစ်ဦးဒဏ်ရာရ၍ အဆောက်အဦးတစ်ခုနှင့်မော်တော်ယာဉ်တစ်စီး ပျက်စီးခဲ့သည်။ဇန်နဝါရီလ(၇)ရက်မှ (၉)ရက်တွင်း ရန်သူစစ်တပ်က တိုက်လေယာဉ်(၇)စီးဖြင့် ဗုံး(၂၀)လုံး လာရောက်ကြဲချခဲ့ရာ ဒေသခံများ၏ လုပ်ငန်းခွင်များအတွင်း ကျရောက်ပေါက်ကွဲခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ဇန်နဝါရီလ(၇)ရက်နေ့က တမူးမြို့နယ်၊ တမူးမြို့မှ ရန်သူစစ်တပ်နှင့်ပျူစောထီးများက တမူးမြို့တွင် ၎င်းတို့မှ လွဲ၍ မည်သူမဆို ဆိုင်ကယ်(၂)ယောက်မစီးရ၊ မိန်းကလေးမှန်သမျှ ကျစ်ဆံမြီး မကျစ်ရ၊ သနပ်ခါးမလိမ်းရ ဆိုသည့် အမိန့်တစ်ရပ်ထုတ်ပြန်ထားပြီး မလိုက်နာသူမည်သူမဆို (၎င်းတို့မှ လွဲ၍) ပစ်သတ်မည်ဟုလည်း ခြိမ်းခြောက်ထားကာ ထိုအမိန့်ထုတ်ပြန်ပြီးသည့်အချိန်မှစကာ ပြည်သူတစ်ဦး အပစ်ခံထားရသည်။

Date -08/01/23

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

- ဇန်နဝါရီလ(၇)ရက်နေ့မနက်(၇:၄၀)နာရီခန့်က ကျွန်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာ နေအိမ်များကို ရန်သူတပ်သားနှင့်ပျူစောထီးများမှ ထပ်မံမီးရှို့ခဲ့သည်။
- ဇန်နဝါရီလ(၇)ရက်နေ့ညနေ(၄:၅၀)နာရီခန့်က ထီးချိုင့်မြို့နယ်၊ ဆားတွင်းကျေးရွာရှိ နေအိမ်များကို ရန်သူတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ပြီး ရန်သူတပ်သားများ ပစ်ခတ်ခဲ့သော လက်နက်ကြီးကြောင့် ထန်းကုန်းကျေးရွာ ပြည်သူ (၁)ဦးသေဆုံးကာ (၄)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။